NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# မြန်မာ့နိုင်ငံရေးတွင် ရုရှားနိုင်ငံ၏ ဝင်ရောက်စွက်ဖက်နေမှုများနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၀) ရက်

၁။ မြန်မာနိုင်ငံရှိ ပြည်သူများအား နည်းမျိုးစုံဖြင့် ရက်စက်စွာ သတ်ဖြတ်နေသော အကြမ်းဖက်စစ်အုပ်စုကို ထင်ရှားစွာ ပံ့ပိုးကူညီမှုများအတွက် ရုရှားနိုင်ငံအား အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်။

၂။ ရုရှားနိုင်ငံသည် ၂၀၀၇ ခုနှစ် ကတည်းက ကုလသမဂ္ဂ ညီလာခံ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ဗီတိုအာဏာသုံး၍ ပယ်ဖျက်ခြင်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွင် ပါဝင်သည့် မြန်မာနိုင်ငံအား စစ်လက်နက်မရောင်းရန် သဘောတူညီချက်ကို လက်မှတ်မရေးထိုးခြင်း၊ စစ်လက်နက်များ ဆက်လက်ရောင်းချနေခြင်း၊ ယခု ၂၀၂၃ ခုနှစ်၊ မေလတွင် ရုရှားအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ အကြမ်းဖက်စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားနိုင်ငံတို့အကြား လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်နားလည်မှု စာချွန်လွှာရေးထိုးပြီး ဆောင်ရွက်နေခြင်းများကို တွေ့ရှိရ ပါသည်။

၃။ ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက်စစ်အုပ်စုနှင့် မင်းအောင်လှိုင်အား နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှုပံ့ပိုးခြင်းသည် မြန်မာနိုင်ငံအတွင်းသာမက ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်သည့်လက္ခဏာ ဆောင်သောကြောင့် အမြန်ဆုံး ရပ်တန့်ရန် လိုအပ်သည်။ မြန်မာ ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ရာတွင် အသုံးပြုနေသည့် စစ်လက်နက်ပစ္စည်းများနှင့် စစ်ထောက်လှမ်းရေးအတွက် ပံ့ပိုးမှုများ ရပ်ဆိုင်းရန်လည်း သတိပေးပါသည်။

၄။ စစ်အာဏာသိမ်းကာလအတွင်း မြန်မာပြည်သူများကို ပိုမိုဆိုးရွားစွာ အကြမ်းဖက် သတ်ဖြတ်နေပြီး လူမျိုးသုဉ်းသတ်ဖြတ်မှု (Genocide) ဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ၌ တရားစွဲဆိုခံထားရသည့် အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံဆက်ဆံ နေခြင်းသည် မြန်မာပြည်သူပြည်သားများအပေါ် နှိပ်စက်ညှင်းပန်းမှုကို အားပေးထောက်ခံခြင်း ဖြစ်သည့်အပြင် ကိုယ်တိုင်လည်း နိုင်ငံတကာ စည်းမျဉ်းများနှင့် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်ကာ ယူကရိန်းနိုင်ငံကို မတရားကျူးကျော် ရန်စ သိမ်းပိုက်ရန် ကြံစည်နေသည့် ရုရှားနိုင်ငံကို မိမိတို့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ရှုတ်ချပါသည်။

၅။ ယခုကဲ့သို့ ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက်စစ်အုပ်စုကို သံတမန်ရေး၊ စစ်ရေး အားပေးကူညီနေမှုသည် အာဆီယံနှင့် သဘောတူညီထားချက်များကို စစ်အုပ်စုက ပို၍ မထေမဲ့မြင်ပြုနိုင်စေရန် ပံ့ပိုးမှုများဖြစ်စေပြီး ဒေသတွင်းရှိ အခြားသော နိုင်ငံများအနေဖြင့် မြန်မာ့နိုင်ငံရေး ဖြေရှင်းမှုအတွက် ဆောင်ရွက်နေမှု များကို ပျက်ပြားစေသည်။ မြန်မာပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်မှုများ၊

လူအစုလိုက်အပြုံ လိုက် သတ်ဖြတ်မှုများ ပိုမိုကျူးလွန်နိုင်ရန် ရုရှားနိုင်ငံအနေဖြင့် ဖန်တီးပေးနေခြင်း ဖြစ်သည်။

၆။ ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက်စစ်အုပ်စုကို တဖက်သတ် အားပေးမှုများ၊ တိုက်တွန်းကူညီမှုများ ယခုကဲ့သို့ ပြောင်ပြောင်တင်းတင်း ပြုလုပ်နေခြင်းသည် မြန်မာပြည်သူများ ရင်ဆိုင်နေရသည့် အသက်ဘေးအန္တရာယ်နှင့် ဆင်းရဲဒုက္ခကို ပိုမို ခက်ခဲကြာရှည်အောင် ဆောင်ရွက်နေခြင်း ဖြစ်ပြီး မြန်မာ့နိုင်ငံရေး အကြပ်အတည်းကို အမှန်တကယ် ပြေလည်စေလိုသည့် စိတ်စေတနာထက် အာဆီယံဒေသကို ထိန်းချုပ်လိုသည့် ရုရှားနိုင်ငံ၏ ပထဝီနိုင်ငံရေး ရည်ရွယ်ချက်သာဖြစ်၍ ဒေသအတွင်း တည်ငြိမ်မှုကိုပါ ထိခိုက်ပျက် ပြားစေသည့်အတွက် မိမိတို့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ